
ဇေယန
(ရာမည)
အောင်မြတ်သာနှင့်
ဘီလူးဝင်စား

# အောင်မြတ်သာနှင့်ဘီလူးဝင်စား

"ဟိုဘက်ရွာမှာ လက်သည် သွားခေါ်တာ ခုထိ မရောက်ကြသေး ဘူးလား ဒီမှာ က မွေးတော့မယ်"

မောင်တင် စကားကြောင့် တဲအိမ် အပြင်ဘက်မှာ ရှိနေတဲ့ သူတွေ ရွာလမ်းမပေါ်ကို လှမ်းကြည့် လိုက်ကြတယ်။

"စိတ်ကိုလျှော့ပါ မောင်တင်ရယ် သိပ်မကြာခင် ရောက်တော့မှာ ပါ"

ရွာလူကြီးတွေရဲ့ စကားကြောင့် မောင်တင် မျက်နှာကြောသတ် လိုက်ပြီး အိမ်ရှေ့မှာ ရှိတဲ့ ထန်းလက် ကုလားထိုင်ပေါ် ထိုင်ချလိုက် တယ်။

"အမလေး နာလှချည်ရဲ့ လက်သည် မလာသေးဘူးလား"

မီးနေခန်း အထဲက အော်လိုက်တဲ့ အသံကြောင့် မောင်တင် နဖူးပေါ်မှာ ရှိနေတဲ့ ချွေးစက်တွေကို လက်ခုံနဲ့ သုတ်လိုက်တယ်။

"ဟိုမှာ ချူသံတွေ ကြားနေရပြီ လာပြီ ထင်တယ်"

အိမ်နားက ဒေါ်လှကြည်ရဲ့ အသံကြောင့် မောင်တင် ရွာလမ်းမပေါ်ကို ခေါင်းငဲ့ကြည့် လိုက်တယ်။

"မောင်တင်ရေ လမ်းမှာ ဝင်ရိုးက ကျိုးလို့ နောက်ကျသွားတာ အခု

လက်သည် ပါ လာပြီ "

ဟိုဘက်ရွာက ခေါ်လာတဲ့ လက်သည် က လှည်းပေါ်က ဆင်းပြီးတာနဲ့ အိမ်ထဲကို ဝင်သွားလိုက်တယ်။

"အမလေး နာလိုက်တာ အား ကျွတ် ကျွတ်"

"ခဏလေး တောင့်ခံထား မွေးတော့မယ် ညှစ် ညှစ်"

"အူငဲ အူငဲ အူငဲ"

ရုတ်တရက် ကလေးငိုသံကြောင့် တဲအပြင်မှာ ယောက်ယက်ခတ်နေတဲ့ မောင်တင် ငြိမ်ကျသွားတယ်။

"မွေးပြီဟေ့ မွေးပြီ ယောကျ်ားလေး မွေးတယ်"

လက်သည် ရဲ့ အော်သံကြောင့် မောင်တင် ထခုန်လိုက်တယ်။ အသက်ကြီးမှ ကလေးရတဲ့ မောင်တင်ရဲ့ အပျော်က ဘေးက လူတွေဆီကိုပါ ကူးစက် သွားတယ်။

"မောင်တင် လာဦး"

အိမ်ထဲကနေ ထွက်လာတဲ့ အရီးလေးရဲ့ စကားကြောင့် မောင်တင် အိမ်ဘက်ကို လှည့်ကြည့်ပြီး

"အရီးလေး ဘာဖြစ်လို့ လဲ ကလေးရော အမေရော ကျန်းမာရဲ့ လား "

"အေး ကလေးရော အမေပါ ကျန်းမာတယ် ဒါပေမဲ့"

"ဒါပေမဲ့ ဘာဖြစ်လဲအရီး ခြေလက်အင်္ဂါ မစုံလို့ လား"

" မဟုတ်ဘူး မောင်တင် မင်းမိန်းမက ဘီလူးလေးမွေးလို့ "

အရီးလေး စကားကြောင့် မောင်တင် ယိုင်ကျ သွားတယ်။

"ဟုတ်ပ့ါမလား အရီးလေးရာ အဲဒီလိုအဖြစ်တွေက ကြားပဲကြားဖူး တာ မကြုံဖူးပါဘူး"

"ငါပြောတာ သေချာနားထောင် ဒီစကား အပြင်ပေါက်ကြားလို့ မ ဖြစ်ဘူး ကလေးမွေးထဲက အစွယ်လေးချောင်း ပါလာတာ အခု မွေးတဲ့ အချိန်ကလည်း နေတက်ရေတက် စနေနေ့ နင်ဓားမတစ်ချောင်း သွား ယူပြီး ပြန်လာခဲ့"

အရီးလေး စကားကြောင့် မောင်တင် အိမ်အနောက်ဘက်မှာ ထင်းခွဲ ဖို့ ထားတဲ့ ဓားမကိုယူပြီး ထွက်လာခဲ့လိုက်တယ်။

"မောင်တင် အိမ်ရှေ့မှာ ဆို လူတွေတွေ့မယ် အခုကလေးကို ငါခေါ် လာပေးမယ် နင်က သူ့ကို ဓားထမ်းပြီး သုံးခေါက်တိတိ ကျော်လိုက်"

အရီးလေးက ပြောပြောဆိုဆို အိမ်ခန်းထဲက ကလေးကိုချီပြီး မြေကြီးပေါ် ချလိုက်တယ်။

မောင်တင်လည်း ဓားထမ်းပြီး ကလေးကို သုံးခေါက်တိတိ ကျော်လို က်တယ်။

"မောင်တင် လက်သည် ကို ငါငွေပေးပြီး နှုတ်ပိတ် ခိုင်းထားတယ် ဒီ ကိစ္စ ဘယ်သူ့ကိုမှ မပြောနဲ့ ကလေးဆိုတာ ငယ်ရွယ်တဲ့ အချိန်ထဲက သွန်သင်ရင် ကြီးလာရင် ပြောင်းလဲလာမှာ နင်လည်း စိတ်ထဲမထားနဲ့ န င့်မိန်းမက မွေးတဲ့ ကလေးဟာ နင့်ကလေးပဲ ကြားလား"

"မထားပါဘူး အရီးရာ ကျုပ်သွေးသားက ဘာပဲဖြစ်ဖြစ် ကျုပ်က ချစ် မှာ "

"အေး အေး ငါလည်း အထဲမှာ လုပ်စရာရှိတာ လုပ်ပေးလိုက်ဦးမယ်

"

အရီးတင် အိမ်ခန်းထဲဝင်ပြီး မကြာခင် လက်သည် ပြန်ထွက် လာပြီး

"ငါလုပ်စရာ ရှိတာ လုပ်ပေးပြီးပြီ တစ်ပတ်တစ်ခါ ငါပြန်လာခဲ့မယ် ကလေး အကြောင်းလည်း မင်းသိပြီး ထင်တယ် သေချာ ဂရုစိုက်ဦး"

လက်သည် လည်း မောင်တင်ကို မှာ စရာရှိတာ မှာ ပြီး လှည်းပေါ် ပြန်တက် သွားတယ်။

မောင်တင်လည်း ကလေးမွေးပြီး လအတန်ကြာတဲ့ ထိ လာကြည့်တဲ့ ဧည့်သည် တွေကို ကလေးအိပ်မှ ပေးကြည့်ခဲ့တယ်။ ဘာလို့ ဆိုတော့ သူ့သား မှာ အစွယ် လေးချောင်း ရှိတယ်ဆိုတာ ဘယ်သူ့ကိုမှ ပေးမသိစေ ချင်ခဲ့ဘူး။

ကလေး သုံးလသားလောက် ရောက်တော့ မောင်တင်မိန်းမက ဘီလူးလေး မွေးထားတယ်ဆိုတဲ့ သတင်းက တစ်ရွာလုံး ပြန့်သွားခဲ့တယ်။ ဘယ်က ပေါက်ကြားလဲဆိုတော့ ကလေးမွေးခဲ့တဲ့ လက်သည် က သူ့ရွာမှာ ပြန်ပြောရာကနေ တစ်ဆင့်စကား တစ်ဆင့်နား ဆိုသလို မောင်တင်တို့ နေတဲ့ ရွာအထိ ပြန့်လာခဲ့တယ်။